# ချမ်းမြေ့ဆရာတော်ကြီး
# အရှင်ဇနကာဘိဝံသ
# ၏
# တရားပွဲ အစီအစဉ်

နေရာ – Serramonte Del Rey
699, Serramonte Blvd.
Room ( 101 ), ( Dhamma Hall )
Daly City, CA 94015

နေ့ရက် – တော်သလင်းလဆန်း (၃)ရက်၊
၁၃၇၂ ခုနှစ် ။
စက်တင်ဘာလ (၁၁)ရက်၊ ၂၀၁၀ ခုနှစ်။
စနေနေ့ ။

အချိန် – ညနေ – ၇:၀၀ နာရီ မှ ၉:၀၀ နာရီ


## ဆက်သွယ်ရန်

**ထေရဝါဒ ဓမ္မအသင်း**
**Theravada Dhamma Society**
**699, Serramonte Blvd.**
**Room ( 101 ), Dhamma Hall**
**Daly City, CA 94015**

**( 650 ) 993-8770**
**tds.usa2007@gmail.com**


ZLH

## ( ၄၇ ) ကြိမ်မြောက်တရားပွဲအတွက် အလှူရှင်များ

၁။ ဦးအောင်လွင် ဒေါ်သန်းသန်းအေး မိသားစု ၊
၂။ ဦးမြတ်ဆွေ ဒေါ်သန်းသန်းဌေး နှင့်
ညီမ Dr. ကြည်ကြည်အေး မိသားစု ၊
၃။ ဦးသက်တင် ဒေါ်မေလေးခင် သမီး Angela Lee
မိသားစု ၊
၄။ ဦးအံ့ကူ ဒေါ် မြင့်မြင့်စန်း မိသားစု ၊
၅။ ဦးနေဦး မိသားစု ၊
၆။ ဦးဝေါင်စွန်မွန် ဒေါ် ချိန်တီ မိသားစု ၊
၇။ ဦးသန်းရွှေ ဒေါ်လှကြည် မိသားစု ၊
၈။ ကွယ်လွန်သူ မိဘများ (ဦးအောင်ခန့် ဒေါ်သန်းသန်း)
တို့အား ရည်စူး၍ သမီး ဒေါ် မြင့်မြင့်သိန်း ၊
၉။ Richard & May lee သား Edward သမီး Monica
မိသားစု ၊
၁၀။ မိဘများအား အမှူးထား၍
မခင်လှကြူ နှင့် မအေးမြခိုင်
၁၁။ ကိုအောင်ထူးဝင်း Dr. အေးအေးမိုး မိသားစု ၊
၁၂။ Brandon & Eva Wong မိသားစု ၊
၁၃။ ဦးသူရ ဒေါ် မိုးမိုးလွင် မိသားစု ၊
၁၄။ Nathan & Sanda Wong မိသားစု ၊
၁၅။ ကိုRobert နှင့် မစုစုမော် မိသားစု ၊
၁၆။ မိခင် ဒေါ် လွင်လွင်အေး နှင့်
ကိုအောင်ဝင်း မစန္ဒာဝင်း ၊
၁၇။ ကိုခင်မောင်သက် မအေးအေးလွင်သက်
၁၈။ Grace Lee နှင့် သမီး မကေသီ မိသားစု ၊
၁၉။ ထေရဝါဒ ဓမ္မအသင်း သင်တန်းသူ သင်တန်းသားများ၊

# တရားပွဲ ဖိတ်ကြားလွှာ

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
## ချမ်းမြေ့ဆရာတော်ကြီး
## အရှင်ဇနကာဘိဝံသ



Bay Area ဓမ္မမိတ်ဆွေ များ နှင့် ထေရဝါဒ ဓမ္မအသင်း တို့၏ ( ၄၇ ) ကြိမ်မြောက် တရားပွဲ တွင် **ချမ်းမြေ့ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ** ၏ တရားပွဲ ကို တစ်ဖက်ပါ အစီအစဉ် အတိုင်း ပြုလုပ်သွားမည် ဖြစ်ပါသဖြင့် တရားနာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဓမ္မမိတ်ဆွေများ နှင့် ထေရဝါဒ ဓမ္မအသင်း**

### " ဆရာတော်ကြီး ၏ ဝိပဿနာသင်တန်း "

**ဆရာတော်ကြီး၏ ဝိပဿနာ သင်တန်းကို စက်တင်ဘာလ (၉) ရက် နှင့် (၁၀) ရက်နေ့များတွင် ထေရဝါဒ ဓမ္မအသင်း ၏ သင်တန်းခန်းမ တွင် ညနေ (၇) နာရီမှ စတင်၍ သင်ကြားသွားမည်ဖြစ်ပါသည်။**

# ချမ်းမြေ့ဆရာတော်ကြီး
# အရှင်ဇနကာဘိဝံသ
# ၏
# ထေရုပ္ပတ္တိ အကျဉ်း

---

ချမ်းမြေ့ဆရာတော်ဘုရားသည် ၁၂၉၀ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်၊ (၁၉၂၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ) ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ဆရာတော်၏ ခမည်းတော် နှင့် မယ်တော်မှာ ဦးဖြူမင်း နှင့်ဒေါ်ရွှေရည် တို့ဖြစ်ကြ၍ ဇာတိရပ်ရွာမှာ တောင်တွင်းကြီးမြို့၊ ပျဉ်းမ ရွာ ဖြစ်သည်။

အသက် (၁၅)နှစ် အရွယ်တွင် တောင်တွင်းကြီး မြို့၊ တောရဗိမာန်ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးမာလာဝံသ ကို ဥပဇ္ဈာယ်ပြု၍ **ရှင်ဇနက** ဟူသောဘွဲ့ အမည်ဖြင့် ရှင်သာမဏေအဖြစ်ခံယူခဲ့သည်။ ၁၃၀၉ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ (၁၉၄၇ ၊ အောက်တိုဘာလ ၂၈ ရက် )၌ တောရဗိမာန်ဆရာတော် အရှင်ပဒုမထေရ် ကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်၊ ကုန် သည်ကြီး ဦးစိန်ညို နှင့် ဇနီး ဒေါ်လှလှ တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော် ဦးမာလာဝံသ နှင့် စာချဆရာတော် ဦးဝါသဝိန္ဒ၊ မဟာ ဝိသုဒ္ဓါရုံ တိုက်သစ် ၊ စည်ရှင် ဆရာတော်ဘုရားကြီး ၊ ပိုက်ကျုံးဆရာတော်ကြီး ဦးဇာနေယျဗုဒ္ဓိ၊ အသောကာ ရုံဆရာတော် ဦးသုဝဏ္ဏဇောတိ ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ သံတော်ဆင့် စာချဆရာတော် ဦးဝါသဝ နှင့် မစိုးရိမ်တိုက် စာချဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ မန္တလေး မြို့ အနောက်ပြင်၊ တောင်ပြင် စာချဆရာတော် များထံ တွင် ပိဋကတ်စာပေဆိုင်ရာ ကျမ်းကြီးကျမ်းခိုင်များ ကိုလည်းကောင်း၊ မြောင်းမြဆရာတော် အရှင်ဓမ္မာနန္ဒ ထံ တွင် အင်္ဂလိပ်စာပေကို လည်းကောင်း ဆည်းပူးလေ့လာ ခဲ့သည်။ ဆရာတော်သည် သီရိလင်္ကာ နိုင်ငံ သို့လည်း ကြွရောက်၍ အင်္ဂလိပ်ဘာသာ၊ သက္ကတ ဘာသာ၊ သီဟိုဠ ဘာသာ၊ ဟိန္ဒီ ဘာသာ နှင့် အခြား သော ခေတ်ပညာရပ် များကို သင်ယူ ခဲ့သည်။ ထို့အပြင် မဟာစည် သာသနာ့ ရိပ်သာဆရာတော် ဘုရားကြီး ထံမှောက်တွင် ဝိပဿနာ တရားကို ကြိုးစား အားထုတ် တော် မူခဲ့သည်။

ဆရာတော်သည် ပိဋကတ်စာပေများကို သင်ယူ လေ့လာရင်း **အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး တန်း** နှင့် ၁၃၁၂ ခုနှစ်၊ နယုန်လတွင် ကျင်းပသော **သကျ သီဟ**( ပရိယတ္တိသာသနာ့ဟိတ ) စာသင်တန်း စာမေးပွဲ များကို အောင်မြင်ခဲ့သည်။ ၁၃၁၄ ခုနှစ် (၁၉၅၂ ခုနှစ်) တွင် ပထမဆုံး ကျင်းပသော ပါဠိတက္ကသိုလ် စာချတန်း စာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်း နှင့် ဂုဏ်ထူးငါးကျမ်း တို့ကို ဖြေဆို အောင်မြင်ခဲ့၍ **သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ တော်** ကို ရရှိခဲ့သည်။ ၁၃၁၇ ခုနှစ်၊ **ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တော်** ကို ၄င်း၊ နိုင်ငံတော် အစိုးရ မှ ၁၉၉၃ ခုနှစ် တွင် **မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်** ကို၄င်း၊ ၁၉၉၅ ခုနှစ်တွင် **အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်** ကို ၄င်း၊ ၁၉၉၉ ခုနှစ်တွင် **အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်** ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် ပါဠိတက္ကသိုလ် စာချတန်း အောင်မြင်ပြီးနောက် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ၌ပင် ကထိက အဖြစ် စာပေပို့ချခဲ့သည်။ ၁၃၁၆ ခုနှစ် တွင် ဆရာတော်သည် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ မှ ပင့်လျှောက်သဖြင့် **ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက** အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ် တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ၏ သာသနာ့ရိပ်သာ တွင် နာယက ဆရာတော် တစ်ပါး အဖြစ် ပရိယတ်၊ ပဋိပတ် လုပ်ငန်းများ ကိုဆောင်ရွက် ခဲ့သည်။ ၁၉၇၇ ခုနှစ် ၌ ချမ်းမြေ့ရိပ်သာ ကျောင်းကို တည်ထောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဟသ်ာတ ချမ်း မြေ့ရိပ်သာကို၄င်း၊ ၁၉၉၄ ခုနှစ်တွင် မှော်ဘီ ချမ်းမြေ့ ရိပ်သာကို၄င်း၊ ၂၀၀၁ ခုနှစ်တွင် ပြင်ဦးလွင် ချမ်းမြေ့ ရိပ်သာ နှင့် တောင်ကြီး ချမ်းမြေ့ရိပ်သာ များကိုတည် ထောင်ခဲ့သည်။

ဆရာတော်သည် မဟာစည်ဆရာတော် ဘုရားကြီး နှင့် အတူ ပြည်ပ ဓမ္မခရီးများ ကြွရောက် ခဲ့သည်။ မြန်မာနိုင်ငံ အတွင်းရှိ မြို့ရွာ အနှံ့အပြား နှင့် တခြားသော နိုင်ငံအနှံ့အပြား သို့ကြွချီ၍ သာသနာ ပြုလျက်ရှိပါသည်။ ဆရာတော် သည် ပြည်တွင်းပြည်ပ ယောဂီများ အား ဝိပဿနာတရား ဟောပြောပြသ ပေးလျက်ရှိပါသည်။ တပည့်ရဟန်းတော်များကို လည်း နိုင်ငံ အသီးသီး သို့ စေလွှတ် သာသနာပြုစေ ခဲ့သည်။ သာသနာရေး ဦးစီးဌာန ၏ လျှောက်ထားချက် အရ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ၌ ဂုဏ်ထူး ဆောင် ပါမောက္ခအဖြစ်လည်း ကူညီသင်ကြားပေးလျက် ရှိသည်။ ထို့အပြင် ကျမ်းစာများ ကိုလည်း မြန်မာ ၊ အင်္ဂလိပ် ဘာသာများ ဖြင့် ရေးသားပြုစုခဲ့ပါသည်။ တချို့သော ဆရာတော်၏ စာအုပ်များမှာတခြားသော ဘာသာများဖြင့်ပင် ပြန်ဆိုရေးသား ခဲ့ကြသည်။